## ဓမ္မခန္ဓာ (၁၉) မာရိ (မာရ်ယံ)

ဥာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် ၄၄၊ သုတ်ဒေသနာ ၉၈ ပါး။

ဦးဖြေးလွင်ဦး ပြန်ဆိုသည်။

### بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

| | |
|---|---|
| ၁။ | **كهيعص** ۞<br>ကာ့ဖ်၊ဟာ၊ယာ၊အိုင်၊ ဆွာ့ဒ်–။[၆၆၆] |
| ၂။ | **ذِكْرُ رَحْمَةِ رَبِّكَ عَبْدَهُ زَكَرِيَّا** ۞<br>သင့်ကံကြမ္မာရှင်က အရှင့်အမှုတော်ဆောင် ဇက္ကရီယာအား ကရုဏာသက်ပုံကို သတိဖေါ်ပေးလော့။ |
| ၃။ | **إِذْ نَادَى رَبَّهُ نِدَاء خَفِيًّا** ۞<br>သူသည် သူ့ကံကြမ္မာရှင်ထံ ကြိတ်၍ ဆုတောင်းတသသည်မှာ– |
| ၄။ | **قَالَ رَبِّ إِنِّي وَهَنَ الْعَظْمُ مِنِّي وَاشْتَعَلَ الرَّأْسُ شَيْبًا وَلَمْ أَكُن بِدُعَائِكَ رَبِّ شَقِيًّا** ۞<br>“အို ကံကြမ္မာရှင် တပည့်တော်၏ အရိုးအဆစ်များသည် အားနည်းလာပါပြီ၊ ဦးခေါင်းသည်လည်း ဆွတ်ဆွတ် ဖြူဖွေး လာပါပြီ၊ တပည့်တော် တောင်းဆုပြုပါ၏၊ အို ကံကြမ္မာရှင်၊ တပည့်တော် လက်လျှော့ရသည်ဟု မရှိခဲ့ပါ။– |
| ၅။<br>နောက်လိုက် | **وَإِنِّي خِفْتُ الْمَوَالِيَ مِن وَرَائِي وَكَانَتِ امْرَأَتِي عَاقِرًا فَهَبْ لِي مِن لَّدُنكَ وَلِيًّا** ۞<br>တပည့်တော်သည် နောက်တွင် ကျန်ရစ်မည့် တပည့်တော်၏ **ကွပ်ကဲခံ**များအတွက် စိုးရိမ်မိပါ၏၊ တပည့်တော်၏ အမျိုးသမီးသည်လည်း မြုံအနေပါ၏၊ တပည့်တော်အား အရှင့်ထံမှ ကွပ်ကဲသူတစ်ဦးကို ချီးမြှင့်တော်မူပါ။– |
| ၆။ | **يَرِثُنِي وَيَرِثُ مِنْ آلِ يَعْقُوبَ وَاجْعَلْهُ رَبِّ رَضِيًّا** ۞<br>သူ့အား တပည့်တော်၏ အမွေခံ– ယာကွပ် ဝိုင်းတော်သားတို့၏ အမွေခံ– ဖြစ်စေတော်မူပါ၊ အို ကံကြမ္မာရှင် သူ့အား ကျေနပ်လောက်သူ အဖြစ် ခန့်အပ်တော်မူပါ၊”ဟု ဖြစ်၏။ |
| ၇။ | **يَا زَكَرِيَّا إِنَّا نُبَشِّرُكَ بِغُلَامٍ اسْمُهُ يَحْيَى لَمْ نَجْعَل لَّهُ مِن قَبْلُ سَمِيًّا** ۞<br>“အေ– ဇက္ကရီယာ၊ ငါသည် သင့်အား ယောဟန်မည်သော သားတော်အကြောင်း သတင်းကောင်းပေးတော်မူပြီ။ သူ့ကဲ့သို့ ယခင်က ငါအရှင် ခန့်အပ်ခဲ့တော် မမူသေးချေ။” |
| ၈။ | **قَالَ رَبِّ أَنَّى يَكُونُ لِي غُلَامٌ وَكَانَتِ امْرَأَتِي عَاقِرًا وَقَدْ بَلَغْتُ مِنَ الْكِبَرِ عِتِيًّا** ۞<br>ထိုအခါ သူက “အို ကံကြမ္မာရှင်၊ တပည့်တော်သည် မည်သို့ သားရတနာ ရနိုင်အံ့နည်း၊ ဇနီးသည်မှာ အမြုံဖြစ်၍၊ တပည့်တော်သည်လည်း အရွယ်ကြီးရင့်ချိန်သို့ ဆိုက်ရောက်နေပါပြီ၊”ဟု လျှောက်ထားသော်၊ |

---

(၆၆၆) **“ကုံလုံပြည့်စုံတော်မူသော၊ လမ်းညွှန်တရားကို ပေးတော်မူသည့် အို–ကုန်စင်သိ သစ္စာတော်အရှင်– ဟုတိုင်တည်၍၊”** ဤဝါကျမှ စကားလုံး အတိုကောက်များဖြစ်သည့် **ကာ့ဖ်** သည် **ကာဖီး** “ကုံလုံပြည့်စုံတော်မူသော”၊ **ဟာ** သည် **ဟာဒီးယ်** “လမ်းညွှန်တော်မူသော”၊ **ယာ** သည် **“ယား”** တမ်းတတိုင်တည်သည့် “အို”၊ **အိုင်** သည် **အာ့အ်လမ်** “သဗ္ဗညုတ ဉာဏ်တော်အရှင်”၊ **ဆွာ့ဒ်** သည် **ဆွာဒီးက်** “ဖြောင့်ဖတ် မှန်ကန်သော အရှင် ဟု အနက်အဓိပ္ပါယ်ကို ပေးပေသည်။ စကားလုံးများ၏ အတိုက်ကောက်ကို ၂း၁ အောက်ခြေတွင်ကြည့်ပါ။

| | |
|---|---|
| ၉။ | **قَالَ كَذَلِكَ قَالَ رَبُّكَ هُوَ عَلَيَّ هَيِّنٌ وَقَدْ خَلَقْتُكَ مِن قَبْلُ وَلَمْ تَكُ شَيْئًا** ۝<br>အရှင်က "ဤသည် သင့်ကံကြမ္မာရှင်၏ စကားတော် ဖြစ်၏၊ ၎င်းသည် ငါ့အတွက် လွယ်ကူလှ၏၊ ငါသည် သင့်အား ဖြစ်တည်စေခဲ့ပြီ၊ ယခင်က သင်သည် တစ်စုံတစ်ရာမျှ မရှိခဲ့ချေ၊"ဟု မိန့်သော်။ |
| ၁၀။<br>☆<br>၃း၄၁ | **قَالَ رَبِّ اجْعَل لِّي آيَةً قَالَ آيَتُكَ أَلَّا تُكَلِّمَ النَّاسَ ثَلَاثَ لَيَالٍ سَوِيًّا** ۝<br>သူက "အို ကံကြမ္မာရှင် တပည့်တော်အတွက် နိမိတ်လက္ခဏာတစ်ရပ် စီမံပေးပါ၊"ဟု လျှောက်ထား၏။ အရှင်က "သင့်အတွက် လက္ခဏာမှာ သင်သည် သုံးရက် လုံးလုံး လူသားတို့အား စကားပြောဆိုခြင်း မပြုရ။"ဟု မိန့်၏။☆ |
| ၁၁။ | **فَخَرَجَ عَلَى قَوْمِهِ مِنَ الْمِحْرَابِ فَأَوْحَى إِلَيْهِمْ أَن سَبِّحُوا بُكْرَةً وَعَشِيًّا** ۝<br>သူသည် စခန်းမှ သူ့လူများထံသို့ ထွက်လာသောအခါ၊ သူတို့အား နံနက် ညည့်ဦး ဘာဝနာပွားကြရန် စေ့ဆော်၏။ |
| ၁၂။ | **يَا يَحْيَى خُذِ الْكِتَابَ بِقُوَّةٍ وَآتَيْنَاهُ الْحُكْمَ صَبِيًّا** ۝<br>"အေ ယောဟန် သင်သည် ကျမ်းတော်အား ခိုင်မာစွာ စွဲကိုင်လော့"ဟု အာရုံစျာန်ဖြစ်စေ၏၊ ငါသည် သူ့အား လူရွယ်ဘဝကပင် အဆုံးအဖြတ်ဉာဏ်ကို ပေးအပ်၏။ |
| ၁၃။ | **وَحَنَانًا مِّن لَّدُنَّا وَزَكَاةً وَكَانَ تَقِيًّا** ۝<br>သူ့အား ငါ့ထံမှ ညှာတာမှုနှင့် သန့်ရှင်းစင်ကြယ်စေ၏၊ သူသည် စည်းစောင့်သူ ဖြစ်၏။ |
| ၁၄။ | **وَبَرًّا بِوَالِدَيْهِ وَلَمْ يَكُن جَبَّارًا عَصِيًّا** ۝<br>မွေးသမိဘနှစ်ပါးကို ကြည်ညိုလေးစား၏၊ သူသည် စိတ်သရမ်း အာခံသူမဟုတ်ချေ။ |
| ၁၅။ | **وَسَلَامٌ عَلَيْهِ يَوْمَ وُلِدَ وَيَوْمَ يَمُوتُ وَيَوْمَ يُبْعَثُ حَيًّا** ۝<br>သူ့အား မွေးဘွားသောနေ့၊ ခန္ဓာဝန်ချသောနေ့၊ ရှင်ပြန် နိုးထသောနေ့၌ ငြိမ်းချမ်းမှုအတိ ဖြစ်စေ၏။ |
| ၁၆။ | **وَاذْكُرْ فِي الْكِتَابِ مَرْيَمَ إِذِ انتَبَذَتْ مِنْ أَهْلِهَا مَكَانًا شَرْقِيًّا** ۝<br>ကျမ်းတော်လာ မာရိ၏ အကြောင်းကို သတိဖေါ်ပေးလော့၊ သူမသည် သူမ၏ မိသားစုမှ ခွဲခွာ၍ အရှေ့ဘက်အရပ်၌ သီးခြားနေ၏။ |
| ၁၇။<br>၂း၈၇ | **فَاتَّخَذَتْ مِن دُونِهِمْ حِجَابًا فَأَرْسَلْنَا إِلَيْهَا رُوحَنَا فَتَمَثَّلَ لَهَا بَشَرًا سَوِيًّا** ۝<br>သူတို့နှင့် ဆန့်ကျင်မှုကို စွဲကိုင်၍ ပြည်ဖုံးကားချနေစဉ်၊ ငါသည် သူမထံသို့ သူမကဲ့သို့ ပကတိလူသား **ဉာဏ်စဉ်တော်ကို** စေပို့သော်။[၆၆၇] |

(**၆၆၇**) ဤသုတ်တော်တွင် သုံးသော **ရူးဟ်** (ဉာဏ်စဉ်တော်) ဆိုသည်ကို ဆရာတော်ကြီး အများစုက နတ်ဒေဝတာ (ကောင်းကင်တမန် မင်းကြီး) ဟု ပြန်ဆိုကြပေသည်။ ထိုသို့ ပြန်ဆိုခြင်းမှာ မာရိအား ကလေးရစေမည်ဟု ကြိုတင် နိမိတ်သတင်းကိုပေးသော သူများမှာ နိမိတ်ဆောင် (မလာအိကာဟ်) ဖြစ်သည်ဟု ကျမ်းတော်၏ ၃း၄၇ တွင် ဖေါ်ပြထားသည်ကို ကျမ်းတော်အား သေချာစေ့ငုစွာ မလေ့လာဘဲလျှက် မိရိုးဖလာ ကြားဘူး နားဝများ နောက်သို့လိုက်၍ ဤသုတ်တော်နှင့် ရောပြွန်းလျှက် ဆွဲယူ ဘာသာပြန်လိုက်ခြင်းသာ ဖြစ်ပေသည်။ ကျမ်းတော်တွင် ၃း၄၇ တွင် ဖေါ်ပြသော အခြေအနေနှင့် ဤဓမ္မခန္ဓာ၌ ဖေါ်ပြသော အခြေအနေများမှာ လွန်စွာ ခြားနားပေသည်။ ၃း၄၇ တွင် (၁) မာရိသည် အုပ်ထိန်းသူ ဇက္ကရီယာ၏ လက်အောက်တွင် ရှိနေသည်။ ဤသုတ်တော်တွင် သူမသည် မည်သူ၏ လက်အောက်တွင်မှ မရှိဘဲ သီးခြားလွတ်လပ်စွာ ခွဲခွာနေချိန်ဖြစ်သည်။ (၂) ၃း၄၇ တွင် သူမအား ကလေး လာပေးခြင်း မဟုတ်ပေ၊ မာရိအား ကလေးရလိမ့်မည်ဟူသော သတင်းကို လာပေးခြင်းသာ ဖြစ်၍၊ ဤသုတ်တော်တွင်မူ ဉာဏ်စဉ်တော် (လူသား)သည် သူမအား ကလေးလာပေးခြင်း ဖြစ်သည်။ ဤသုတ်တော်တွင် ပြောသော ဉာဏ်စဉ်တော် ဆိုသည်မှာ သူမ ကဲ့သို့ ပကတိလူသား ဖြစ်သည်ဟု အတိအကျ ဆိုထားသည်။ ဤသုတ်တော်မှ **တ–မဆလ လဟာ لَهَا تَمَثَّلَ** ကို **သူမကဲ့သို့** ဟု ပြန်ဆိုခြင်းမှာ တိုက်ရိုက်အဓိပ္ပါယ်ဖြစ်၍ လုံးဝ မှားယွင်းမှု မရှိချေ။ ထို့အပြင် မလာအေကာဟ် ဆိုသည်ကို ၂း၃၀ တွင်လည်းကောင်း၊ **ရူးဟ်** ဉာဏ်စဉ် ဆိုသည်ကို ၂း၈၇ တွင်လည်းကောင်း ကြည့်ပါရန်။

| | |
|---|---|
| ၁၈။ | **قَالَتْ إِنِّي أَعُوذُ بِالرَّحْمَن مِنكَ إِن كُنتَ تَقِيًّا**۞<br>သူမက "ကျွန်ုပ်သည် အသင့် ကရုဏာရှင်ထံ၌ ခိုလှုံပါ၏၊ အသင်သည် စည်းစောင့်သူ ဖြစ်ပါလေစ၊"ဟု ဆိုသော်– |
| ၁၉။ | **قَالَ إِنَّمَا أَنَا رَسُولُ رَبِّكِ لِأَهَبَ لَكِ غُلَامًا زَكِيًّا**۞<br>သူက "ကျွန်ုပ်သည် သင့်အား သန့်စင်သော သားရတနာပေးရန် သင့်ကံကြမ္မာရှင်၏ ထံမှ ဉာဏ်စဉ်ဆောင် ဖြစ်၏၊"ဟု ပြန်ပြော၏။[၆၆၈] |
| ၂၀။<br>☆<br>၃:၄၇ | **قَالَتْ أَنَّى يَكُونُ لِي غُلَامٌ وَلَمْ يَمْسَسْنِي بَشَرٌ وَلَمْ أَكُ بَغِيًّا**۞<br>သူမက "ကျွန်ုပ်သည် မည်သို့ သားရတနာရနိုင်အံ့နည်း၊ မည်သည့်လူသားသည်မှ ကျွန်ုပ်အား မထိစပ်ခဲ့ပါ၊ ကျွန်ုပ်သည် မိန်းမပျက်လည်း မဟုတ်ပါ၊"ဟု ဆိုသော်–☆ |
| ၂၁။<br>☆<br>၃:၄၇ | **قَالَ كَذَلِكِ قَالَ رَبُّكِ هُوَ عَلَيَّ هَيِّنٌ وَلِنَجْعَلَهُ آيَةً لِلنَّاسِ وَرَحْمَةً مِّنَّا وَكَانَ أَمْرًا مَّقْضِيًّا**۞<br>သူက "ဤသို့ သင့်ကံကြမ္မာရှင်၏ စကားမှာ၊" "၎င်းသည် ငါ့အတွက် လွယ်ကူလှ၏၊ ငါသည် သူ့အား လူသားတို့အတွက် နိမိတ်လက္ခဏာ အဖြစ် ခန့်အပ်တော်မူမည်၊ သူသည် ငါ့ထံမှ ကရုဏာတော်ဖြစ်၏၊ ဤသည် ဖြည့်ဆည်းချမှတ်ပြီး စီမံချက်ဖြစ်၏၊"ဟု ဖြစ်သည်ဟု ဆို၏။☆ |
| ၂၂။ | **فَحَمَلَتْهُ فَانتَبَذَتْ بِهِ مَكَانًا قَصِيًّا**۞<br>သို့ဖြင့် သူမသည် ၎င်းကို ကိုယ်ဝန်ယူ၍ ဝေးကွာသော အရပ်သို့ သီးခြားထွက်သွား၏။ |
| ၂၃။ | **فَأَجَاءهَا الْمَخَاضُ إِلَى جِذْعِ النَّخْلَةِ قَالَتْ يَا لَيْتَنِي مِتُّ قَبْلَ هَذَا وَكُنتُ نَسْيًا مَّنسِيًّا**۞<br>သူမသည် သားဖွားမီးနေရန် စွံပလွန်ပင်ရှိရာသို့ ရောက်လာ၍၊ "ဤအဖြစ် မတိုင်မီ သေရလျှင်ကောင်းလေစွ၊ မေ့မြောမေ့လျော့သွားလျှင် ကောင်းလေစွ၊"ဟု ညည်းညူ၏။[၆၆၉] |
| ၂၄။ | **فَنَادَاهَا مِن تَحْتِهَا أَلَّا تَحْزَنِي قَدْ جَعَلَ رَبُّكِ تَحْتَكِ سَرِيًّا**۞<br>သူမအားသူမ၏ အောက်မှ အသံပြုသည်မှာ "သောကမဖြစ်နှင့်၊ သင့်ကံကြမ္မာရှင်က သင့်အောက်၌ စမ်းချောင်းတစ်ခု စီမံထား၏။–[၆၇၀] |

---

**(၆၆၈)** ဤသုတ်တော်တွင် မာရိထံသို့ ကလေးပေးရန် လာရောက်သူမှာ ရစူလ် (ဉာဏ်စဉ်တော်ဆောင်) တစ်ပါး ဖြစ်ကြောင်း အတိအကျ ထောက်ပြသည်။ မိရိုးဖလာ ယုံကြည်ထားသော နတ်ဒေဝတာ ကောင်းကင် တမန်တော် မဟုတ်ချေ။ ဤသုတ်တော် မတိုင်မီ သုတ်တော် ၁၈ တွင် မာရိက သူမသည် သူ၏ ကရုဏာရှင်ထံ၌ ခိုလှုံကြောင်း၊ သူသည် စည်းစောင့်သူ ဖြစ်လျှင် ကောင်းလေစွ ဟု ပြောဆိုကြောင်းများကို အဘယ်ကြောင့် သူမက ဤသို့ပြောသည်ကို ပညာတတ်များ အနေဖြင့် စဉ်းစားရန်သင့်ပေသည်။ အကယ်၍ ထို ဉာဏ်စဉ်တော်ဆောင်သည် သူမအား ကလေးရမည်ဟူသော သတင်းကိုသာ လာပေးလျှင် ထိုသို့ပြောရန်မလိုပေ၊ ယခုအခါ သူက သူမအား ကလေးပေးမည်ဟု ဆိုသောကြောင့် ထိုသို့ပြောခြင်း ဖြစ်ပေသည်။ ကလေးပေးခြင်းမှာ ချက်တော်ကို လက်တော်ဖြင့် ပွတ်၍ ပေးသည်ဟူသည့် အယူအဆမျိုးကို ကုရ်အံကျမ်းတော်က လုံးဝ သွန်သင်ခြင်း မရှိချေ။ ထို့အပြင် ထို ရစူလ် (ဉာဏ်စဉ်တော်ဆောင်) သည် အခြားတနေရာမှ ကလေးတစ်ယောက်အား ယူလာ၍ မာရိအား ပေးခြင်းလည်း မဟုတ်ချေ။ မာရိအား ကိုယ်ဝန်ပေးခြင်းသာ ဖြစ်သည်ဟု သုတ်တော် ၂၂ တွင် အတိအကျ ဆိုထားပေသည်။

**(၆၆၉)** မာရိသည် ကလေးကို တစ်နေရာမှ ကောက်ယူခဲ့ခြင်း မဟုတ်ချေ။ သို့မဟုတ် ကြင်ယာကြင်ဘက် မရှိဘဲလည်း ကလေးရနိုင်ခွင့် မရှိချေ (၆း၁၀၁)။ သူမသည် ကိုယ်ဝန်ယူခဲ့ကြောင်းကိုလည်း သုတ်တော် အမှတ် ၂၂ တွင် အတိအကျ ပြောထားပေသည်။ မာရိ၏ ကလေးဖွားသည့် ဝေဒနာမှာလည်း အခြားသော အမျိုးသမီးများနှင့် ကွာခြားခြင်း မရှိချေ။ သူမသည် အလွန်တရာ နာကျင်သော ကလေးဖွား ဝေဒနာကို အခြားသော အမျိုးသမီးများ ကဲ့သို့ ခံစားရကြောင်းကို ဤသုတ်တော်က အတိအကျ ပြောထားပေသည်။ ဤသို့ ပြောထားသော ကျမ်းချက်တော်များကို ဖုံးကွယ်ထား မေ့လျော့ထားလျက် အစွဲလာမ် မဟုတ်သူများ၏ အယူကို အစ္စလာမ်ထဲသို့ သွတ်သွင်းနေခြင်းမှာ ရိုးသားမှု မရှိချေ။

**(၆၇၀)** သူမ၏အောက်မှ အသံတစ်ခုပြုသည် ဆိုခြင်းကို အချို့သော ဆရာတော်များက အီဆာ (ယေရှု) မွေးလာ၍ သူသည် မွေးလာလျှင် မွေးလာခြင်း တန်ခိုးတော်ဖြင့် စကားပြောသည်ဟု ဖွင့်ဆိုမှုများကိုလည်း မဆီမဆိုင် တွေ့ရပေသည်။ မာရိသည် သာမာန်မျိုးရိုးမှ မွေးဘွားလာသူ မဟုတ်ချေ၊ သူမသည် သူမ၏ လူဂုဏ်တန်မိသားစုအား စွန့်ခွာ၍ မိသားစုနှင့် ဝေးရာသို့ ခရီးထွက်ခွာလာခဲ့သော်လည်း သူမတွင် တောက်တိုမယ်ရ

| | |
|---|---|
| ၂၅။ | **وَهُزِّي إِلَيْكِ بِجِذْعِ النَّخْلَةِ تُسَاقِطْ عَلَيْكِ رُطَبًا جَنِيًّا ۝**<br>–စွံပလွန်ပင်ကို သင့်ထံသို့ လှုပ်လော့၊ စွံပလွန်သီးမှည့်တို့သည် သင့်ထံသို့ ကျလာလိမ့်မည်၊’’ဟု ဖြစ်၏။[၆၇၁] |
| ၂၆။ | **فَكُلِي وَاشْرَبِي وَقَرِّي عَيْنًا فَإِمَّا تَرَيِنَّ مِنَ الْبَشَرِ أَحَدًا فَقُولِي إِنِّي نَذَرْتُ لِلرَّحْمَنِ صَوْمًا فَلَنْ أُكَلِّمَ الْيَوْمَ إِنسِيًّا ۝**<br>ထို့ကြောင့် စားလော့၊ သောက်လော့၊ မျက်လုံးများကို အေးစေလော့၊ လူသား တစ်စုံတစ်ယောက်အား တွေ့လျှင် ကျွန်ုပ်သည် ကရုဏာရှင်ထံ၌ ဥပုသ်စောင့်ရန် ရည်စူးထား၏၊ သို့ဖြစ်၍ ယနေ့ လူသားတို့နှင့် စကားပြောနေမည် မဟုတ်ဟု ဆိုလော့။ |
| ၂၇။<br>ယေရှု | **فَأَتَتْ بِهِ قَوْمَهَا تَحْمِلُهُ قَالُوا يَا مَرْيَمُ لَقَدْ جِئْتِ شَيْئًا فَرِيًّا ۝**<br>ထို့နောက် သူမသည် **သူ့**အား မိသားစုထံသို့ ခေါ်ဆောင်လာသောအခါ၊ သူတို့က ပြောကြသည်မှာ “အို မာရိ၊ သင်သည် မျှော်လင့် မထားရာကို ခေါ်ဆောင်လာခဲ့ပြီ၊– |
| ၂၈။ | **يَا أُخْتَ هَارُونَ مَا كَانَ أَبُوكِ امْرَأَ سَوْءٍ وَمَا كَانَتْ أُمُّكِ بَغِيًّا ۝**<br>အို ဟာရွန်၏ နှမ၊ သင့်အဖေသည် အကျင့်ပျက်မဟုတ်၊ သင့်အမေသည်လည်း မိန်းမပျက်မဟုတ်ချေ၊’’ဟု ဖြစ်၏။[၆၇၂] |
| ၂၉။ | **فَأَشَارَتْ إِلَيْهِ قَالُوا كَيْفَ نُكَلِّمُ مَن كَانَ فِي الْمَهْدِ صَبِيًّا ۝**<br>သူမက သူ့အား ညွှန်ပြသော် သူတို့က “ပုခက်ထဲမှ ကလေးငယ်နှင့် ကျွန်ုပ်တို့ မည်သို့ စကားပြောအံ့နည်း၊’’ဟု ဆိုကြ၏။[၆၇၃] |
| ၃၀။ | **قَالَ إِنِّي عَبْدُ اللَّهِ آتَانِيَ الْكِتَابَ وَجَعَلَنِي نَبِيًّا ۝**<br>သူ ပြန်ပြောသည်မှာ “ကျွန်ုပ်သည် ပရမတ်ဘုရားရှင်၏ အမှုတော်ဆောင်ဖြစ်၏၊ အရှင်သည် ကျွန်ုပ်အား ကျမ်းတော်ကို ပေးအပ်၏၊ သတင်းတော်ဆောင်အဖြစ် ခန့်အပ်၏။’’ |

---

ခိုင်းရန် အဖော် အုပ်စု ပါလာပေသည်။ ထိုအဖော်အုပ်စုသည် သူမ၏ လက်အောက်ငယ်သားများ ဖြစ်ပေသည်။ ထို့ကြောင့် ထိုအသံဆိုသည်မှာ လက်အောက် ငယ်သားများက သူမအား ပြောသော အသံဖြစ်ပေသည်။

**(၆၇၁)** အစ္စလာမ်ကျမ်းတော်က ကိုယ်တော်ယေရှုအား ဒီဇင်ဘာလ ၂၅ ရက်နေ့တွင် မွေးဘွားသည် ဆိုခြင်းကို လက်မခံပေ။ ကိုယ်တော်ယေရှုသည် စွံပလွန်သီးမှည့်သော ရာသီတွင် မွေးဘွားခဲ့သည်ဟု ဆိုပေသည်။ အရှေ့အလယ်ပိုင်းတွင် စွံပလွန်သီးမှည့်သော ရာသီမှာ စက်တင်ဘာနှောင်းပိုင်း သို့မဟုတ် အောက်တိုဘာ လဆန်းပိုင်းဖြစ်ပေသည်။ ထိုအကြောင်းကို ခရစ်ယံ ဘဲ့က်ရှော့ပ် ဘာနီးစ် ကလည်း သူ၏ ခရစ်ယာန်သာသနာ ပေါ်ထွန်းခြင်း **Raise of Christianity** စာအုပ် စာမျက်နှာ ၇၉ တွင် “ဤမျှ အေးမြလှသည့် ဂျူဒ တောင်ပေါ်ဒေတွင် အလွန်အေးလှသော ဆောင်းရာသီဖြစ်သည့် ဒီဇင်ဘာလ၌ အကာအကွယ်မဲ့သော အခြေအနေဖြင့် ခရစ်တော်အား မွေးဘွားခဲ့သည် ဆိုခြင်းမှာ ဖြစ်နိုင်ချေ မရှိကြောင်း၊ ထိုနေ့ ရက်ကို ခရစ္စမတ်နေ့အဖြစ် အေဒီ ၃၀၀ လောက်တွင်မှ လက်ခံ သတ်မှတ်ခဲ့ဟန် ရှိကြောင်း၊’’ ရေးသားထားပြီး၊ သူက ဆက်လက်၍ ထိုနေ့ ဒီဇင်ဘာ ၂၅ ရက်ဆိုသည်မှာ ပါရှား ပုဂ္ဂိုလ်ရေးကိုးကွယ်ခြင်း အယူမှ ယူခဲ့ကြောင်း– ဆိုထားပေသည်။

**(၆၇၂)** မာရိသည် သူမ၏ ကလေးဖြစ်သော ယေရှုအား သူ့လူမျိုးထံသို့ ပြန်ခေါ်လာသော အခါတွင် ကလေး၏ ဖခင်မှာ ပါမလာသောကြောင့် မာရိအား လင်ကောင် မပေါ်ဘဲ ကလေးရသည်ဟု သူမ၏ ဂျူးလူမျိုးများက ကဲ့ရဲ့ကြပေသည်။ ထိုအကြောင်းကို ၄း၁၅ တွင်လည်း ဖေါ်ပြပေသည်။ သူမသည် မိသားစုများနှင့် ဝေးသော အရပ်သို့ ထွက်သွား၍ အိမ်ထောင်ပြုခြင်း ဖြစ်၍ ဂျူးလူမျိုးများ အနေဖြင့် ကလေး၏ ဖခင်ကို မသိခြင်းသာ ဖြစ်၍၊ ယေရှု၏ တစ်သက်တာတွင် ယေရှုသည် ဖခင်မရှိဘဲ အပျိုစင်မှ မွေးလာသည်ဟု မည်သူကမှ လက်မခံခဲ့ပေ။ သူ့အဖေသည် ယောသပ် ဖြစ်ကြောင်းကို ထိုခေတ် ထိုအခါက လူတိုင်း သိနေကြပေသည်၊ (သမ္မာကျမ်း မသဲ ၁၃း၅၅၊၅၆။လုကာ ၄း၂၂။ ယောဟန် ၆း၄၂)။ ထို့ပြင် ဤသုတ်တော်တွင် သူမအား ဟာရွန်၏ နှမဟု ခေါ်ခြင်းမှာ ဂျူးလူမျိုးများတွင် နိုင်ငံရေး ခေါင်းဆောင်နှင့် ဘာသာရေးခေါင်းဆောင်ကို ခွဲထားပြီး၊ ကိုယ်တော် မူဆာအား နိုင်ငံရေး ခေါင်းဆောင်အဖြစ်၊ ဟာရွန်အား ဘာသာရေးခေါင်းဆောင်အဖြစ် သတ်မှတ်ပေသည်။ ထို့ကြောင့် ထိုလူမျိုးမှ ဘာသာရေး အမွေ ဆက်ခံသူများအား ဟာရွန်၏ နောင်တော်၊ ဟာရွန်၏ နှမတော်ဟု သုံးစွဲပြောဆိုခြင်း ဖြစ်ပေသည်။

**(၆၇၃)** ဂျူးလူမျိုးများက ယေရှုအား “ပုခက်ထဲမှ ကလေး’’ ဟု ပြောခြင်းမှာ– မြန်မာစကားတွင် ကိုယ့်ထက်ငယ်သောသူ၊ ကိုယ့်ထက် ပညာနုသည်ဟု ထင်သောသူအား “မနေ့က မွေးတဲ့ လူ’’ ဟု ပြောဆို သုံးစွဲ သကဲ့သို့ဖြစ်၍၊ အမှန်တကယ် မွေးစ ပက်လက်ကလေးကို ဆိုခြင်း မဟုတ်ပေ။

| | |
|---|---|
| ၃၁။ | وَجَعَلَنِي مُبَارَكًا أَيْنَ مَا كُنتُ وَأَوْصَانِي بِالصَّلَاةِ وَالزَّكَاةِ مَا دُمْتُ حَيًّا ۞<br>"ကျွန်ုပ်သည် မည်သည့်နေရာ၌ ရှိစေ အရှင်က ကျက်သရေမင်္ဂလာ စီမံထား၏၊ ကျွန်ုပ် အသက်နှင့်ရှိနေသ၍ မေတ္တာ ဓိဌာန်ပြုရန်နှင့် လှူမှုဖူလုံကြေးပေးရန် မိန့်မြွက်၏။"[၆၇၄] |
| ၃၂။ | وَبَرًّا بِوَالِدَتِي وَلَمْ يَجْعَلْنِي جَبَّارًا شَقِيًّا ۞<br>"ကျွန်ုပ် မွေးသမိခင်အား ကြည်ညိုစေ၏၊ ကျွန်ုပ်အား စိတ်သရမ်း၊ စိတ်ညစ်အောင်ပြုသူ အဖြစ် စီမံတော်မမူချေ။"[၆၇၅] |
| ၃၃။ | وَالسَّلَامُ عَلَيَّ يَوْمَ وُلِدتُّ وَيَوْمَ أَمُوتُ وَيَوْمَ أُبْعَثُ حَيًّا ۞<br>"ကျွန်ုပ်၏ မွေးဘွားသောနေ့၊ ခန္ဓာဝန်ချသောနေ့၊ ရှင်ပြန်နိုးထသောနေ့၌ ငြိမ်းချမ်းသာယာမှု ခစေ၏၊" ဟု ဖြစ်၏။[၆၇၆] |
| ၃၄။ | ذَٰلِكَ عِيسَى ابْنُ مَرْيَمَ قَوْلَ الْحَقِّ الَّذِي فِيهِ يَمْتَرُونَ ۞<br>ဤသည် မာရိ၏သား ယေရှု၏ အကြောင်းပင်၊ သူတို့ ငြင်းခုံနေသော အကြောင်းအရာ၏ အမှန်တရားပေတည်း။ |
| ၃၅။<br>☆<br>၂း၁၁၇ | مَا كَانَ لِلَّهِ أَن يَتَّخِذَ مِن وَلَدٍ سُبْحَانَهُ إِذَا قَضَىٰ أَمْرًا فَإِنَّمَا يَقُولُ لَهُ كُن فَيَكُونُ ۞<br>ပရမတ်ဘုရားရှင် အရှင့်၌ သားတော် ယူထားခြင်း မရှိ၊ အရှင်သည် တုနှိုင်းမဲ့ဖြစ်၏၊ အတည်ပြု စီမံချက်အား ထိုအရာသည် "ဖြစ်" ဟု မိန့်မြွက်သော် "ဆင့်ကဲပြည့်စုံ ဖြစ်လာရမည်တည်း။"☆ |
| ၃၆။ | وَإِنَّ اللَّهَ رَبِّي وَرَبُّكُمْ فَاعْبُدُوهُ هَٰذَا صِرَاطٌ مُّسْتَقِيمٌ ۞<br>"ပရမတ်ဘုရားရှင်သည် ကျွန်ုပ်၏ ကံကြမ္မာရှင် သင်တို့၏ ကံကြမ္မာရှင် ဖြစ်၏။ သို့ဖြစ်၍ အရှင့်အား ကိုးကွယ်ကြလော့၊ ဤသည် မြဲမြံနေသော ဝါဒလမ်းစဉ် ဖြစ်၏။"[၆၇၇] |

---

**(၆၇၄)** ဤသုတ်တော်က ယေရှုအား ပုခက်ထဲမှ ကလေးဖြစ်သည်ဟူသော စကားကို ရှင်းလင်းခြင်း ဖြစ်၏၊ ထိုစကားကို ပြောဆိုခံရသော အချိန်တွင် ယေရှုသည် သတင်းတော်ဆောင် တစ်ပါး ဖြစ်နေပြီ ဖြစ်သည်။ သုတ်တော် (၁၂) တွင် ယောဟန်အား ပရမတ်ဘုရားရှင်က အာရုံစျာန် (သဗ္ဗညု ဉာဏ်စဉ်) ရစေသော အရွယ်ကိုလည်း **ဆွဘီးယမ်**ဟု သုံး၍၊ ကိုယ်တော်ယေရှု၏ အရွယ်ကိုလည်း **ဆွဘီးယမ်** ဟုပင် သုတ်တော် ၂၉၌ ဆိုထားပေသည်။ သို့သော် ယောဟန်အား "ပုခက်ထဲမှ မွေးကင်းစ ပက်လက်ကလေး" ဘဝကပင်၊ စကားပြောနိုင်သည်၊ သဗ္ဗညုဉာဏ် (ဝဟီ) ရသည်ဟု မည်သည့် မူဆလင်ဆရာတော်ကမှ ပြောဆို ယုံကြည်ခြင်း မရှိဘဲ၊ သူနှင့် စကားလုံး ထပ်တူသုံးထားသော ကိုယ်တော် ယေရှု၏ ဘဝဇာတ်လမ်းကိုသာ ပုံကြီးချဲ့နေခြင်းမှာ လွန်စွာ ထူးဆန်းလှပေသည်။ ထိုအရွယ်တွင် ကိုယ်တော်ယေရှုသည် မေတ္တာဓိဌာန် (ဆွလတ်) ပြုရနိုင်သော၊ ပြုရသော အရွယ်ဖြစ်နေပေပြီ၊ အစ္စလာမ် သာသနာဝင်တို့၏ မေတ္တာဓိဌာန်ပြုရာတွင် ပုံပန်းသဏ္ဍာန်ပါဝင်၍ ပုခက်ထဲမှ ကလေးတစ်ယောက်အနေဖြင့် မည်သို့မှ ကျင့်ဆောင်နိုင်ခြင်း၊ ကျင့်ဆောင်ခွင့်မှာ ဝတ္တရား အဖြစ် သတ်မှတ်ထားခြင်း မရှိချေ။ ထိုအချိန်တွင် သူသည် လူရွယ် သို့မဟုတ် လူလတ်ပိုင်း ဖြစ်နေပြီ ဆိုသည်မှာ သေချာကြောင်း ကျမ်းတော်က အတိအကျ ပြဆိုထားပေသည်။

**(၆၇၅)** သုတ်တော် ၁၄ တွင် ယောဟန်က **မိဘနှစ်ပါး** ဟု ပြောဆိုကာ၊ ဤသုတ်တော်တွင် ယေရှုက **မွေးသမိခင်အား ကြည်ညိုစေ၏၊** ဟု သာ ပြောဆိုသောကြောင့် ယောဟန်သည် မိဘစုံညီမှမွေး၍ ထိုသို့ပြောဆို သုံးစွဲခြင်းဖြစ်ပြီး၊ ယေရှုမှ ဖခင်မဲ့ မွေးသောကြောင့် **မိခင် တစ်ပါး** တည်းကိုသာ ရည်ညွှန်းသည်ဟု ပြောဆို စွပ်စွဲမှုများသည်လည်း ရှိနေ၏။ ဤသုတ်တော်တွင် ယေရှုက ဖခင်အကြောင်း မပြောသည်မှာ သူ့ဖခင်အား ဂျူး လူမျိုးများက ပုတ်ခတ်စော်ကားသော စကားကို မပြောသည့် အတွက် ဖခင်အတွက် ခုခံပြောဆိုစရာ မလိုသည့်အပြင်၊ သမ္မာကျမ်းစာ၌ ယေရှုသည် မိခင်အား **"အချင်းမိန်းမ သင်သည် ငါနှင့် အဘယ်သို့ ဆိုင်သနည်း၊"** (ယောဟန် ၂း၄) ဟု ဖေါ်ပြသကဲ့သို့ မယဉ်မကျေးပြောဆို ဆက်ဆံ ခဲ့သည် ဆိုခြင်းမျိုးမှာ၊ ကိုယ်တော်ယေရှု၏ အပြောမဟုတ်ကြောင်း၊ နောက်ပေါက် ကျမ်းဖြည့် ဆရာတော်များ၏ လက်ချက်သာ ဖြစ်ကြောင်း၊ ကျမ်းမြတ်ကုရ်အံက ပြန်လည်တင်ပြခြင်း ဖြစ်ပေသည်။ ထို့ကြောင့် ကုရ်အံကျမ်းတော်သည် ရှေးကျမ်းများကို ဖြောင့်မှန်စေသော ကျမ်းဟု မကြာခဏ သတိပေါ်ပေးပေသည်။ ကျမ်းမြတ်ကုရ်အံသည် ပုဂ္ဂိုလ်ရေး ဆည်းကပ်ကိုးကွယ်ခြင်းကို မသွန်သင်ချေ။ သို့သော် ပုဂ္ဂိုလ်ရေး ဆည်းကပ် ကိုးကွယ် လေသယောင်နှင့် လောကအပေါင်း၌ ပွင့်ပေါ်ခဲ့သော လူသားပညတ်ဘုရား (ဉာဏ်စဉ်တော်ဆောင်များ) ၏ ဂုဏ်သိက္ခာကို ထိပါးစေသော ရှေးကျမ်းများမှ လူ့ဘက်ရာ စွပ်ဖက်မှုများကို မထောက်မညှာ တွန်းလှန်ပေသည်။

**(၆၇၆)** ဤသုတ်တော်များက ယေရှုသည် သေသွားခဲ့ပြီ ဖြစ်ကြောင်း အများတကာနည်းတူပင် ဖြစ်ကြောင်းကို အတိအကျ ဖေါ်ပြနေပေသည်။ ဤသုတ်တော်မှ ယေရှုပြောသည့် စကားသည် သုတ်တော် ၁၅ မှ ယောဟန် ပြောသည်နှင့်အတူတူပင် ဖြစ်ကြောင်း ဖေါ်ပြထားပေသည်။ သမ္မာကျမ်းစာ၏ ရှင်ပေတရု (ပ) ၃း၁၈ တွင်လည်း "ခရစ်တော်သည် ခန္ဓာကိုယ်အားဖြင့် အသေသတ်ခြင်းကို ခံ၍၊ ဝိညာဉ်တော်အားဖြင့် အသက် ရှင်ခြင်းသို့ ရောက်တော်မူသည် ဖြစ်၍၊" ဟု အတိအကျ ပြောထားသည်ကို တွေ့ရပေသည်။

| | |
|---|---|
| ၃၇။ | فَاخْتَلَفَ الْأَحْزَابُ مِن بَيْنِهِمْ فَوَيْلٌ لِّلَّذِينَ كَفَرُوا مِن مَّشْهَدِ يَوْمٍ عَظِيمٍ ۞<br>သူတို့၌ ဂိုဏ်းအသင်းများ ကွဲပြားကြကုန်၏။ မျက်မှောက်သက်သေ ပြုရသော နေ့တော်ကြီး၌ ဖုံးကွယ်သော သူတို့သည် ပျက်စီးရမည်သာတည်း။ |
| ၃၈။ | أَسْمِعْ بِهِمْ وَأَبْصِرْ يَوْمَ يَأْتُونَنَا لَكِنِ الظَّالِمُونَ الْيَوْمَ فِي ضَلَالٍ مُّبِينٍ ۞<br>သူတို့သည် ငါ့ထံသို့ ပြန်ရသော နေ့ကာလ၌၊ သူတို့အား ကြားရ မြင်ရလတ္တံ့၊ သို့ရာတွင် အမိုက်ကောင်တို့သည် ရှင်းလင်းသော လမ်းလွဲ၌ ရှိနေကြ၏။ |
| ၃၉။ | وَأَنذِرْهُمْ يَوْمَ الْحَسْرَةِ إِذْ قُضِيَ الْأَمْرُ وَهُمْ فِي غَفْلَةٍ وَهُمْ لَا يُؤْمِنُونَ ۞<br>စီမံချက်များကို ဆုံးဖြတ်ချက်ချသော သောကကြုံရမည့် နေ့ကာလအကြောင်း သူတို့အား သတိပေးလော့၊ သူတို့သည် မေ့လျော့နေကြ၏၊ သူတို့သည် မယုံကြည်ကြချေ။ |
| ၄၀။ | إِنَّا نَحْنُ نَرِثُ الْأَرْضَ وَمَنْ عَلَيْهَا وَإِلَيْنَا يُرْجَعُونَ ۞<br>မှတ်သားလော့၊ ငါသည် မြေကမ္ဘာနှင့် ထို၌ ရှိသမျှတို့၏ အမွေခံ ဖြစ်၏၊ အလုံးစုံသည် ငါ့ထံသို့ ပြန်ကြရမည်ပင်။ |
| ၄၁။<br>☆<br>၂း၁၂၄ | وَاذْكُرْ فِي الْكِتَابِ إِبْرَاهِيمَ إِنَّهُ كَانَ صِدِّيقًا نَّبِيًّا ۞<br>ကျမ်းတော်လာ အီဗရာဟီးမ်၏☆အကြောင်းကို သတိဖေါ်ပေးလော့၊ သူသည် ဖြောင့်မတ်သူဖြစ်၏၊ သတင်းတော်ဆောင် တစ်ပါးဖြစ်၏။ |
| ၄၂။ | إِذْ قَالَ لِأَبِيهِ يَا أَبَتِ لِمَ تَعْبُدُ مَا لَا يَسْمَعُ وَلَا يُبْصِرُ وَلَا يُغْنِي عَنكَ شَيْئًا ۞<br>သူက သူ့ဖခင်အား ပြောသည်မှာ “အို အဖေ၊ ကြားနိုင်စွမ်းမရှိ၊ မြင်နိုင်စွမ်းမရှိ၊ သင့်အား တစ်စုံတစ်ရာ ပြည့်စုံစေခြင်း မရှိနိုင်သော အရာအား အဘယ်ကြောင့် ကိုးကွယ်နေသနည်း၊– |
| ၄၃။ | يَا أَبَتِ إِنِّي قَدْ جَاءَنِي مِنَ الْعِلْمِ مَا لَمْ يَأْتِكَ فَاتَّبِعْنِي أَهْدِكَ صِرَاطًا سَوِيًّا ۞<br>အို အဖေ၊ ကျွန်ုပ်သည် သင်မရရှိခဲ့သော အသိပညာကို ရရှိပါ၏၊ ထို့ကြောင့် ကျွန်ုပ်၏ နောက်သို့လိုက်လော့၊ အသင့်အား ပုံပေါ်ထင်ရှားသော လမ်းကို ညွှန်ပြပါမည်၊– |
| ၄၄။ | يَا أَبَتِ لَا تَعْبُدِ الشَّيْطَانَ إِنَّ الشَّيْطَانَ كَانَ لِلرَّحْمَٰنِ عَصِيًّا ۞<br>အို အဖေ၊ မကောင်းဆိုးဝါးအား မကိုးကွယ်ပါနှင့်၊ ဧကန်ပင် မကောင်းဆိုးဝါးသည် ကရုဏာရှင်အား အာခံသူဖြစ်၏။– |
| ၄၅။ | يَا أَبَتِ إِنِّي أَخَافُ أَن يَمَسَّكَ عَذَابٌ مِّنَ الرَّحْمَٰنِ فَتَكُونَ لِلشَّيْطَانِ وَلِيًّا ۞<br>အို အဖေ၊ အသင့်အား ကရုဏာရှင်ထံမှ ဝဋ်ဒဏ် သက်ရောက်စေ၍၊ မကောင်းဆိုးဝါး၏ ကွပ်ကဲခံ ဖြစ်ရမည်ကို ကျွန်ုပ် ကြောက်မိပါ၏၊”ဟု ဖြစ်၏။ |
| ၄၆။<br>ဖခင် | قَالَ أَرَاغِبٌ أَنتَ عَنْ آلِهَتِي يَا إِبْرَاهِيمُ لَئِن لَّمْ تَنتَهِ لَأَرْجُمَنَّكَ وَاهْجُرْنِي مَلِيًّا ۞<br>**သူ**က “အို အီဗရာဟီးမ် သင်သည် ကျွန်ုပ်၏ ဘုရားများကို ပစ်ပါယ်သလော၊ သင်သည် မရပ်တန့်လျှင် သင့်အား ကျွန်ုပ် မောင်းထုတ်ရလိမ့်မည်၊ ကျွန်ုပ်အား ကာလတစ်ခု ခွဲသွားလော့၊”ဟု ပြန်ပြောသော်။ |
| ၄၇။ | قَالَ سَلَامٌ عَلَيْكَ سَأَسْتَغْفِرُ لَكَ رَبِّي إِنَّهُ كَانَ بِي حَفِيًّا ۞<br>သူ ပြန်ပြောသည်မှာ “သင့်အပေါ်သို့ ငြိမ်းချမ်းသာယာပါစေသော်၊ ကျွန်ုပ်၏ ကံကြမ္မာရှင်ထံ၌ သင့်အတွက် လွှတ်ငြိမ်း |

---

**(၆၇၇)** ခရစ်ယာန်တို့ လက်ကိုင်ပြုသော သမ္မာကျမ်းစာတွင်ပင် ရုပ်ထုကိုးကွယ်ခြင်းကို မပြုရမည့် အကြောင်း (၁ ကောရိန္သု ၈း၄)။ ထာဝရ ဘုရားသခင် ကိုသာ ကိုးကွယ်ရမည့်အကြောင်း (မဿဲ ၄း၁၀) တွင် အတိအကျ ရှိနေပေသေးသည်။

| | |
|---|---|
| | စေရန် ဆုတောင်းပါ၏၊ အရှင်သည် ကျွန်ုပ်အား ညှာတာတော်မူ၏– |
| ၄၈။ | **وَأَعْتَزِلُكُمْ وَمَا تَدْعُونَ مِن دُونِ اللَّهِ وَأَدْعُو رَبِّي عَسَى أَلَّا أَكُونَ بِدُعَاء رَبِّي شَقِيًّا** ۞<br>ကျွန်ုပ်သည် သင်နှင့် အသင်က ပရမတ်ဘုရားရှင်အား တုပြိုင်လျှက် ကိုးကွယ်ရာတို့မှ ရှောင်တိမ်းပါ၏၊ ကျွန်ုပ်၏ ကံကြမ္မာရှင်ထံ၌ ဆုပန်ပါ၏၊ ကျွန်ုပ်၏ ကံကြမ္မာရှင်ထံ၌ ဆုတောင်းခြင်းသည် စိတ်ညစ်ရမည် မဟုတ်ချေ၊”ဟု ဖြစ်၏။ |
| ၄၉။ | **فَلَمَّا اعْتَزَلَهُمْ وَمَا يَعْبُدُونَ مِن دُونِ اللَّهِ وَهَبْنَا لَهُ إِسْحَقَ وَيَعْقُوبَ وَكُلًّا جَعَلْنَا نَبِيًّا** ۞<br>သူတို့နှင့် သူတို့၏ ပရမတ်ဘုရားရှင်အား တုပြိုင်၍ ကိုးကွယ်နေသော အရာများမှ ရှောင်တိမ်းသွားသော အခါ၊ ငါသည် သူ့အား အီစ္စဟာ့က်နှင့် ယာကုဗ်တို့အား ပေး၍၊ သူတို့အား သတင်းတော်ဆောင် အဖြစ် ခန့်အပ်ခဲ့၏။ |
| ၅၀။ | **وَوَهَبْنَا لَهُم مِّن رَّحْمَتِنَا وَجَعَلْنَا لَهُمْ لِسَانَ صِدْقٍ عَلِيًّا** ۞<br>ငါသည် သူတို့အား ကရုဏာတော်အား ချီးမြှင့်ခဲ့၏၊ သူတို့အား မြင့်မြတ်၍ သစ္စာရှိသော နှုတ်လျှာပိုင်ရှင်များ အဖြစ် ခန့်အပ်ခဲ့၏။ |
| ၅၁။<br>☆ ၂း၅၁<br>✡ ၂း၆၁ | **وَاذْكُرْ فِي الْكِتَابِ مُوسَى إِنَّهُ كَانَ مُخْلَصًا وَكَانَ رَسُولًا نَّبِيًّا** ۞<br>ကျမ်းတော်လာ မူဆာ၏☆အကြောင်းကို သတိဖေါ်ပေးလော့၊ သူသည် အယူသန့်သူ ဖြစ်၏၊ သူသည် ဥဏ်စဉ်တော်ဆောင် သတင်းတော်ဆောင်✡ ဖြစ်၏။ |
| ၅၂။ | **وَنَادَيْنَاهُ مِن جَانِبِ الطُّورِ الْأَيْمَنِ وَقَرَّبْنَاهُ نَجِيًّا** ۞<br>ငါသည် သူ့အား သိနတောင်၏ လက်ျာဘက်မှ ခေါ်တော်မူ၍၊ ဗျာဒိတ်ခံယူရန် ချည်းကပ်စေ၏။ |
| ၅၃။ | **وَوَهَبْنَا لَهُ مِن رَّحْمَتِنَا أَخَاهُ هَارُونَ نَبِيًّا** ۞<br>ငါသည် သူ့အား ကရုဏာတော်မှ ချီးမြှင့်တော်မူ၍၊ သူ၏ အစ်ကို ဟာရွန်အား သတင်းတော်ဆောင် ဖြစ်စေ၏။ |
| ၅၄။ | **وَاذْكُرْ فِي الْكِتَابِ إِسْمَاعِيلَ إِنَّهُ كَانَ صَادِقَ الْوَعْدِ وَكَانَ رَسُولًا نَّبِيًّا** ۞<br>ကျမ်းတော်လာ အီစ္စမာလ်အီးလ်၏ အကြောင်းကို သတိဖေါ်ပေးလော့၊ သူသည် ကတိပြုလေတိုင်း ဖြောင့်မတ်သူ ဖြစ်၏၊ သူသည် ဥဏ်စဉ်တော်ဆောင် သတင်းတော်ဆောင် ဖြစ်၏။ |
| ၅၅။ | **وَكَانَ يَأْمُرُ أَهْلَهُ بِالصَّلَاةِ وَالزَّكَاةِ وَكَانَ عِندَ رَبِّهِ مَرْضِيًّا** ۞<br>သူသည် သူ့အဖေါ်များကို မေတ္တာဓိဌာန်နှင့်၊ လှူမှုဖူလုံကြေးကို စီမံစေ၏၊ သူသည် အထံတော်၌ ကျေနပ်မှုရသူ ဖြစ်၏။ |
| ၅၆။ | **وَاذْكُرْ فِي الْكِتَابِ إِدْرِيسَ إِنَّهُ كَانَ صِدِّيقًا نَّبِيًّا** ۞<br>ကျမ်းတော်ပါ အီဒရီးစ်၏[၆၇၈] အကြောင်းကို သတိဖေါ်ပေးလော့၊ သူသည် ဖြောင့်မတ်သူဖြစ်၏၊ သတင်းတော်ဆောင် ဖြစ်၏။ |

---

**(၆၇၈)** ကိုယ်တော် **အီဒရီးစ်**အား ကျမ်းတော်တွင် အမည်နာမ အားဖြင့် ဤသုတ်တော်နှင့် ၂၁း၈၅ တွင်ဖေါ်ပြထားပေသည်။ ကိုယ်တော်အား သမ္မာကျမ်းစာတွင် **ဧနောက်**ဟု ခေါ်တွင်၍၊ သူသည် ဘုရားသခင်နှင့် အတူသွားလာ၏ဟု လည်းကောင်း (ကမ္ဘာဦး ၅း၂၄)၊ သူသည် သေခြင်းနှင့် လွတ်၍ ဘဝပြောင်းရ၏၊ နောက်တဖန် မပေါ်မရှိ ဟုလည်းကောင်း (ဟေဗြဲ ၁၁း၅) တွင် ဖေါ်ပြထား၏။ ထိုသို့ သုံးနှုန်း ဖေါ်ပြခြင်းမှာ ကိုယ်တော်ယေရှုအား မသေဘဲ ကောင်းကင်သို့ ပင့်ချီသွားသည် ဟူသော အသုံးနှင့် ထပ်တူထပ်မျှပင် ဖြစ်သော်လည်း၊ **ဧနောက်**နှင့် ပတ်သက်၍ သဘာဝ အတိုင်း ယုံကြည်လျှက် ကိုယ်တော်ယေရှုကိုသာ သဘာဝလွန် ယုံကြည်နေခြင်းမှာ လွန်စွာ အံ့သြဘွယ်ပင်။ မူဆလင်များ အနေဖြင့်လည်း ၁၉း၅၇ တွင် **သူ့အား မြင့်မြတ်သော အဆင့်သို့ မြှင့်တင်တော်မူ၏** ဆိုသော စကားမှာ ကိုယ်တော် ယေရှု (အီဆာ) အား ၃း၅၅ တွင် ပြောဆို သုံးနှုန်းသော စကားနှင့် ထပ်တူတပ်မျှ ဖြစ်ပါလျှက်၊ ကိုယ်တော် ယေရှုတစ်ပါးတည်းကိုသာ အရေးတကြီး သိဒ္ဓိတင် ယုံကြည်နေခြင်းမျိုးမှာ မိမိတို့၏ ယုံကြည်ချက်သည် ခရစ်ယာန် သာသနာပြုများ၏ လောင်းရိပ်မှ လွတ်ပါလေစဟု ပြန်လည်စဉ်းစား သင့်ပေသည်။ ကြားဘူးနားဝများကို ပစ်ပါယ်လျှက် မိမိယုံကြည်သော ကျမ်းမြတ်ကုရ်အံ၌ မည်သို့ သွန်သင်ထားသနည်း ဆိုသည်ကို လေ့လာမိရန် အရေးကြီးပေသည်။

| | |
|---|---|
| ၅၇။ | وَرَفَعْنَاهُ مَكَانًا عَلِيًّا ۞<br>ငါသည် သူ့အား မြင့်မြတ်သော အဆင့်သို့ မြှင့်တင်တော်မူ၏။ |
| ၅၈။ | أُولَٰئِكَ الَّذِينَ أَنْعَمَ اللَّهُ عَلَيْهِم مِّنَ النَّبِيِّينَ مِن ذُرِّيَّةِ آدَمَ وَمِمَّنْ حَمَلْنَا مَعَ نُوحٍ وَمِن ذُرِّيَّةِ إِبْرَاهِيمَ وَإِسْرَائِيلَ وَمِمَّنْ هَدَيْنَا وَاجْتَبَيْنَا إِذَا تُتْلَىٰ عَلَيْهِمْ آيَاتُ الرَّحْمَٰنِ خَرُّوا سُجَّدًا وَبُكِيًّا ۞<br>ပရမတ်ဘုရားရှင်၏ ထံမှ ဂုဏ်ပေးခြင်းရသော သူများမှာ သတင်းတော်ဆောင်များမှ၊ အာဒံ နူးဟ်နှင့်အတူ သယ်ဆောင်ခဲ့သူတို့၏ သားမြေးတို့မှ၊ အီဗရာဟီးမ်နှင့် အစ္စရေးလ်တို့၏ သားမြေးတို့မှ၊ ငါ လမ်းညွှန်ခဲ့သော ရွေးကောက်ခဲ့သော သူများမှ ဖြစ်၏၊ သူတို့အား ကရုဏာရှင်၏ သုတ်တော်တို့အား ရွတ်ဖတ်ပြသောအခါ၊ သူတို့သည် ပြပ်ဦးချကြ၏၊ ငိုရှိုက်ကြ၏။ |
| ၅၉။ | فَخَلَفَ مِن بَعْدِهِمْ خَلْفٌ أَضَاعُوا الصَّلَاةَ وَاتَّبَعُوا الشَّهَوَاتِ فَسَوْفَ يَلْقَوْنَ غَيًّا ۞<br>သူတို့၏ နောက်တွင် မေတ္တာဓိဌာန်ပြုခြင်းကို ဖယ်ရှောင်သော ရာဂဆန္ဒနောက်သို့ လိုက်သော ဆက်ခံသူများသည် ဆက်ခံခဲ့ကြ၏၊ ထို့ကြောင့် မျိုးသုဉ်းခြင်းကိုသာ ကြုံတွေ့ရလေလတ္တံ့။ |
| ၆၀။ | إِلَّا مَن تَابَ وَآمَنَ وَعَمِلَ صَالِحًا فَأُولَٰئِكَ يَدْخُلُونَ الْجَنَّةَ وَلَا يُظْلَمُونَ شَيْئًا ۞<br>သို့သော် ခဝါချသူ၊ ယုံကြည်၍ ပြုပြင်ပြောင်းလဲမှုကို ကျင့်ကြံသူတို့သည် သုခဘုံသို့ ဝင်ရောက်ရလတ္တံ့၊ တစ်စုံတစ်ရာ အမိုက်သင့်စေမည် မဟုတ်ချေ။ |
| ၆၁။ | جَنَّاتِ عَدْنٍ الَّتِي وَعَدَ الرَّحْمَٰنُ عِبَادَهُ بِالْغَيْبِ إِنَّهُ كَانَ وَعْدُهُ مَأْتِيًّا ۞<br>တည်မြဲခြင်း သုခဘုံများ ဖြစ်၍၊ ကရုဏာရှင်က အမှုတော်ဆောင်တို့အား ကတိထားတော်မူသည့် စကြ္ဝာလွန်မှ ဖြစ်၏။ မှတ်သားလော့ အရှင်၏ ကတိတော်သည် ပြည့်စုံရမည်သာတည်း။ |
| ၆၂။ | لَا يَسْمَعُونَ فِيهَا لَغْوًا إِلَّا سَلَامًا وَلَهُمْ رِزْقُهُمْ فِيهَا بُكْرَةً وَعَشِيًّا ۞<br>ထိုဌါ ငြိမ်းချမ်းပါစေ ဆိုသည်မှအပ အနှစ်မဲ့ စကားများကို မကြားရချေ၊ သူတို့အတွက် နံနက် ညဦး ရိက္ခာထောက်ပံ့ကျ ရှိ၏။ |
| ၆၃။ | تِلْكَ الْجَنَّةُ الَّتِي نُورِثُ مِنْ عِبَادِنَا مَن كَانَ تَقِيًّا ۞<br>ငါ၏ အမှုတော်ဆောင်များမှ စည်းစောင့်သူတို့အား အမွေပေးမည်မှာ ယင်းသို့ သုခဘုံပင် ဖြစ်၏။ |
| ၆၄။ | وَمَا نَتَنَزَّلُ إِلَّا بِأَمْرِ رَبِّكَ لَهُ مَا بَيْنَ أَيْدِينَا وَمَا خَلْفَنَا وَمَا بَيْنَ ذَٰلِكَ وَمَا كَانَ رَبُّكَ نَسِيًّا ۞<br>သင့်ကံကြမ္မာရှင်၏ စီမံချက်ဖြင့်သာ ကျွန်ုပ်တို့ ဆင်းသက်လာရ၏၊ ကျွန်ုပ်တို့၏ လက်ရှိပစ္စုပ္ပန်၊ ကျွန်ုပ်တို့၏ အတိတ်၊ ထိုနှစ်ခုစပ်ကြား ရှိသမျှတို့သည် အရှင်၏ အချုပ်အခြာ၌ ရှိ၏။ သင့်ကံကြမ္မာရှင်သည် မေ့ပစ်ထားခြင်း မရှိချေ။ |
| ၆၅။ | رَبُّ السَّمَاوَاتِ وَالْأَرْضِ وَمَا بَيْنَهُمَا فَاعْبُدْهُ وَاصْطَبِرْ لِعِبَادَتِهِ هَلْ تَعْلَمُ لَهُ سَمِيًّا ۞<br>မိုးများနှင့် မြေ၊ ထိုစပ်ကြား ရှိသမျှတို့၏ ကံကြမ္မာရှင်၊ အရှင့်ကိုသာ ကိုးကွယ်ကြလော့၊ အရှင့်အား ကိုးကွယ်ရာ၌ စိတ်ရှည် သည်းခံလော့၊ အရှင်နှင့် တန်းတူဟူ၍ သင်ယူထားခြင်း ရှိသလော။ |
| ၆၆။ | وَيَقُولُ الْإِنسَانُ أَإِذَا مَا مِتُّ لَسَوْفَ أُخْرَجُ حَيًّا ۞<br>လူသားက "ကျွန်ုပ်သည် သေရပြီးနောက် ကျွန်ုပ်သည် ရှင်ပြန် ထွက်ပေါ်ရမည်လော၊"ဟု ဆိုလတ္တံ့။ |
| ၆၇။<br>☆<br>၂း၂၁ | أَوَلَا يَذْكُرُ الْإِنسَانُ أَنَّا خَلَقْنَاهُ مِن قَبْلُ وَلَمْ يَكُ شَيْئًا ۞<br>တစ်စုံတစ်ခုမရှိ နတ္ထိမှ သူ့ကို ဖြစ်တည်စေခဲ့သည်ကို☆ လူသားသည် သတိမရ ဖြစ်နေသလော။ |

| | |
|---|---|
| ၆၈။ | فَوَرَبِّكَ لَنَحْشُرَنَّهُمْ وَالشَّيَاطِينَ ثُمَّ لَنُحْضِرَنَّهُمْ حَوْلَ جَهَنَّمَ جِثِيًّا ۝<br>သင့်ကံကြမ္မာရှင်အားဖြင့်၊ သူတို့နှင့် မကောင်းဆိုးဝါးတို့အား စုရုံးစေမည်ပင်၊ သူတို့အား ငရဲပတ်လည်သို့ အောက်ကျနောက်ကျဖြင့် အသင့်ရောက်စေမည် ဖြစ်၏။ |
| ၆၉။ | ثُمَّ لَنَنزِعَنَّ مِن كُلِّ شِيعَةٍ أَيُّهُمْ أَشَدُّ عَلَى الرَّحْمَنِ عِتِيًّا ۝<br>ထို့နောက် ဂိုဏ်းကွဲတိုင်းမှ ကရုဏာရှင်အား ခေါင်းအမာဆုံးသော အာခံသူများကို ဆွဲထုတ်တော်မူလတ္တံ့။ |
| ၇၀။ | ثُمَّ لَنَحْنُ أَعْلَمُ بِالَّذِينَ هُمْ أَوْلَى بِهَا صِلِيًّا ۝<br>မည်သူ့အား မီးနှင့်တစ်သားတည်း ဖြစ်စေရမည်ကို ငါသည် အသိဆုံး ဖြစ်တော်မူ၏။ |
| ၇၁။<br>လောင်ကျွမ်းခြင်း | وَإِن مِّنكُمْ إِلَّا وَارِدُهَا كَانَ عَلَى رَبِّكَ حَتْمًا مَّقْضِيًّا ۝<br>သင်တို့အနက် **ထို**ဘက်သို့ ဖြတ်ရွှေ့လာသူသာ ရှိ၍၊ ရှောင်လွှဲမရနိုင်သော သင့်ကံကြမ္မာရှင်၏ ဆုံးဖြတ်ချက်ပေါ်၌ ရှိကြ၏။ |
| ၇၂။ | ثُمَّ نُنَجِّي الَّذِينَ اتَّقَوا وَّنَذَرُ الظَّالِمِينَ فِيهَا جِثِيًّا ۝<br>ထို့နောက် ငါသည် စည်းစောင့်သူတို့အား ကယ်နုတ်တော်မူ၍၊ အမိုက်ကောင်တို့အား ထို၌ အောက်ကျနောက်ကျ ဖြစ်ရရန် ချန်လှပ်ထားတော်မူ၏။ |
| ၇၃။ | وَإِذَا تُتْلَى عَلَيْهِمْ آيَاتُنَا بَيِّنَاتٍ قَالَ الَّذِينَ كَفَرُوا لِلَّذِينَ آمَنُوا أَيُّ الْفَرِيقَيْنِ خَيْرٌ مَّقَامًا وَأَحْسَنُ نَدِيًّا ۝<br>ငါ၏ ရှင်းလင်းသော သုတ်တော်များကို ရွတ်ဖတ်ပြသောအခါ၊ ဖုံးကွယ်သော သူတို့က ယုံကြည်သော သူတို့အား အုပ်စုနှစ်စုမှ မည်သည်က ပိုမို ခိုင်မြဲသနည်း၊ အင်အားစု ပိုမို ကောင်းမွန်သနည်း၊''ဟု ဆိုကြ၏။ |
| ၇၄။ | وَكَمْ أَهْلَكْنَا قَبْلَهُم مِّن قَرْنٍ هُمْ أَحْسَنُ أَثَاثًا وَرِئْيًا ۝<br>ငါသည် သူတို့မတိုင်မီ ပိုမိုကောင်းမွန် အခြေခိုင်၍၊ အမြင်လှသော မျိုးဆက်ပေါင်း မည်မျှကို တိမ်ကောစေခဲ့သနည်း။ |
| ၇၅။ | قُلْ مَن كَانَ فِي الضَّلَالَةِ فَلْيَمْدُدْ لَهُ الرَّحْمَنُ مَدًّا حَتَّى إِذَا رَأَوْا مَا يُوعَدُونَ إِمَّا الْعَذَابَ وَإِمَّا السَّاعَةَ<br>فَسَيَعْلَمُونَ مَنْ هُوَ شَرٌّ مَّكَانًا وَأَضْعَفُ جُندًا ۝<br>ဟောလော့ ''လွဲမှားမှု၌ ရှိသောသူအား ကရုဏာရှင်သည် သူ၏ တိုးရွှေ့ခြင်းကို၊ သူအား ကတိထားသည့် ဝဋ်ကြွေးအား သို့မဟုတ် အချိန်နာရီအား မြင်တွေ့ရသည်အထိ ရွှေ့နေစေလတ္တံ့၊ ထိုအခါ မည်သူသည် ဆိုးသော ရပ်တည်မှု၌ ရှိသည်၊ ချိနဲ့သော တပ်ဘက်၌ ရှိသည်ကို သိကြရလတ္တံ့။ |
| ၇၆။ | وَيَزِيدُ اللَّهُ الَّذِينَ اهْتَدَوْا هُدًى وَالْبَاقِيَاتُ الصَّالِحَاتُ خَيْرٌ عِندَ رَبِّكَ ثَوَابًا وَخَيْرٌ مَّرَدًّا<br>လမ်းညွှန်၌ ရှိသော သူအား ပရမတ်ဘုရားရှင်သည် လမ်းညွှန်ကို တိုးပွားစေ၏။ တစ်စိုက်မတ်မတ် ပြုပြင်ပြောင်းလဲခြင်းသည် သင့်ကံကြမ္မာရှင်၏ ထံပါး၌ ကောင်းမြတ်လှ၏။ ထိုကုသိုလ်ဆက်သည် ကောင်းမြတ်သော အပြန်ခရီး ဖြစ်၏။ |
| ၇၇။ | أَفَرَأَيْتَ الَّذِي كَفَرَ بِآيَاتِنَا وَقَالَ لَأُوتَيَنَّ مَالًا وَوَلَدًا ۝<br>ငါ၏ သုတ်ဒေသနာတို့အား ဖုံးကွယ်လျက် ''ကျွန်ုပ်အား ဥစ္စာပစ္စည်းနှင့် သားသမီးရတနာ ချီးမြှင့်ခံရ၏၊''ဟု ပြောသူကို သင် မသုံးသပ်မိသလော။ |
| ၇၈။ | أَطَّلَعَ الْغَيْبَ أَمِ اتَّخَذَ عِندَ الرَّحْمَنِ عَهْدًا ۝<br>သူသည် စကြာလွန်ကို အာရုံမှီသလော၊ သို့မဟုတ် ကရုဏာရှင်နှင့် ကတိရယူထားသလော။ |

| | |
|---|---|
| ၇၉။ | **كَلَّا سَنَكْتُبُ مَا يَقُولُ وَنَمُدُّ لَهُ مِنَ الْعَذَابِ مَدًّا**۞<br>အမှန်မှာ၊ ငါသည် သူ၏ ဆိုစကားကို မှတ်တမ်းတင်ထားလတ္တံ့၊ သူ၏ တိုးရွေ့နေသော ဝဋ်ကြွေးကို တိုးရွေ့နေစေလတ္တံ့။ |
| ၈၀။ | **وَنَرِثُهُ مَا يَقُولُ وَيَأْتِينَا فَرْدًا**۞<br>သူပြောဆိုသော အရာအား ငါ အမွေသိမ်းတော်မူ၍၊ သူ့ချည်းသက်သက် ငါ့ထံသို့ ပေးရောက်ရလတ္တံ့။ |
| ၈၁။ | **وَاتَّخَذُوا مِن دُونِ اللَّهِ آلِهَةً لِّيَكُونُوا لَهُمْ عِزًّا**۞<br>သူတို့အတွက် ဘုန်းတန်ခိုးကြီးရန် ပရမတ်ဘုရားရှင်အား တုပြိုင်၍ ဘုရားအများကို အယူထားနေကြ၏။ |
| ၈၂။ | **كَلَّا سَيَكْفُرُونَ بِعِبَادَتِهِمْ وَيَكُونُونَ عَلَيْهِمْ ضِدًّا**۞<br>အမှန်မှာ ၎င်းတို့က သူတို့၏ ကိုးကွယ်ခြင်းကို မကြာမီ ဖုံးကွယ်ပယ်ချ၍ ဆန့်ကျင်ဘက်များ ဖြစ်ရလတ္တံ့။ |
| ၈၃။<br>☆<br>၂း၁၄ | **أَلَمْ تَرَ أَنَّا أَرْسَلْنَا الشَّيَاطِينَ عَلَى الْكَافِرِينَ تَؤُزُّهُمْ أَزًّا**۞<br>ငါသည် မကောင်းဆိုးဝါးအား☆ စေစား၍ ဖုံးကွယ်သူတို့အား မြှောက်ပင့် နှိုးဆွစေသည်ကို သင် မသုံးသပ်မိသလော။ |
| ၈၄။ | **فَلَا تَعْجَلْ عَلَيْهِمْ إِنَّمَا نَعُدُّ لَهُمْ عَدًّا**۞<br>သို့ဖြစ်၍၊ သူတို့အပေါ်၌ စိတ်မစောနှင့်၊ သူတို့အား နံပါတ်စဉ်အတိုင်း နံပါတ်တပ်ပြီး ဖြစ်၏။[၆၇၉] |
| ၈၅။ | **يَوْمَ نَحْشُرُ الْمُتَّقِينَ إِلَى الرَّحْمَٰنِ وَفْدًا**۞<br>စည်းစောင့်သူများအား ကရုဏာရှင်၏ ထံသို့ ဂုဏ်ပြုခံရန် စုရုံးသော နေ့ကာလ၌၊ |
| ၈၆။ | **وَنَسُوقُ الْمُجْرِمِينَ إِلَىٰ جَهَنَّمَ وِرْدًا**۞<br>ရာဇဝတ်ကောင်များအား ငရဲဘုံသို့ ရေဆာငတ်မွတ်ခြင်းဖြင့် မောင်းထည့်စဉ်၊ |
| ၈၇။ | **لَا يَمْلِكُونَ الشَّفَاعَةَ إِلَّا مَنِ اتَّخَذَ عِندَ الرَّحْمَٰنِ عَهْدًا**۞<br>ကရုဏာရှင်၏ ထံတော်မှ ကတိ ရယူထားသူများမှအပ အခြား အမျှဝေဆုတောင်း နိုင်စွမ်း အခွင့်မရှိချေ။ |
| ၈၈။ | **وَقَالُوا اتَّخَذَ الرَّحْمَٰنُ وَلَدًا**۞<br>ကရုဏာရှင်၌ သားတော် ယူထား၏ ပြောဆိုမှုများမှာ၊ |
| ၈၉။ | **لَّقَدْ جِئْتُمْ شَيْئًا إِدًّا**۞<br>မုချ၊ မအပ်မရာစကားကို သင်တို့ ကျူးလွန်ကြ၏။ |
| ၉၀။ | **تَكَادُ السَّمَاوَاتُ يَتَفَطَّرْنَ مِنْهُ وَتَنشَقُّ الْأَرْضُ وَتَخِرُّ الْجِبَالُ هَدًّا**۞<br>မိုးကောင်းကင်များသည် စုတ်ပြတ်လွင့်သွားမလောက်၊ မြေကမ္ဘာသည် တစ်စချင်း အက်ကွဲသွားမလောက်၊ တောတောင်များသည် အစိတ်စိတ် ပြတ်လွင့်သွားမလောက် ဖြစ်ရသည်မှာ၊ |
| ၉၁။ | **أَن دَعَوْا لِلرَّحْمَٰنِ وَلَدًا**۞<br>ကရုဏာရှင်၌ သားတော် ရှိသည်ဟု ခံယူသောကြောင့် ဖြစ်၏။ |

---

(၆၇၉) ဆိုလိုသည်မှာ သူတို့အတွက် ကောင်း၊ ဆိုး ခံစားရမည့် နေရက်ကာလကို နံပါတ်စဉ် သတ်မှတ်ပြီး ဖြစ်၏၊ ထို့ကြောင့် ထိုသတ်မှတ်ကာလကို ရှေ့တိုး နောက်ဆုတ် ဖြစ်ရန် မည်သူကမှ ပြုလုပ်၍ မရချေ။

| | |
|---|---|
| ၉၂။ | **وَمَا يَنبَغِي لِلرَّحْمَنِ أَن يَتَّخِذَ وَلَدًا** ۞<br>သားသမီးယူခြင်းသည် ကရုဏာရှင်နှင့် မအပ်စပ်ချေ။ |
| ၉၃။ | **إِن كُلُّ مَن فِي السَّمَاوَاتِ وَالْأَرْضِ إِلَّا آتِي الرَّحْمَنِ عَبْدًا** ۞<br>မိုးများနှင့် မြေကမ္ဘာတွင်း ရှိသူကိုယ်စီသည် ကရုဏာရှင်၏ အမှုတော်ဆောင် အဖြစ်ဖြင့်သာ ရောက်ရမည်ပင်။ |
| ၉၄။ | **لَقَدْ أَحْصَاهُمْ وَعَدَّهُمْ عَدًّا** ۞<br>မုချပင်၊ ၎င်းတို့အား နားလည်ပြီး ဖြစ်၍၊ ၎င်းတို့အား နံပါစဉ်အတိုင်း နံပါတ်တပ်ထား၏။ |
| ၉၅။<br>☆<br>၂း၁၇၄ | **وَكُلُّهُمْ آتِيهِ يَوْمَ الْقِيَامَةِ فَرْدًا** ۞<br>ရပ်တည်မြဲမြံသောနေ့၌☆ သူတို့ကိုယ်စီ အရှင့်ထံသို့ သီးခြား ရောက်ရလတ္တံ့။ |
| ၉၆။ | **إِنَّ الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ سَيَجْعَلُ لَهُمُ الرَّحْمَنُ وُدًّا** ۞<br>ကေန်ပင် ယုံကြည်၍ ပြုပြင်ပြောင်းလဲမှု ကျင့်သူတို့၊ ထိုသူတို့အတွက် ကရုဏာရှင်သည် ချစ်ခြင်းတရားကို စီမံထားလတ္တံ့။ |
| ၉၇။<br>ကျမ်းတော် | **فَإِنَّمَا يَسَّرْنَاهُ بِلِسَانِكَ لِتُبَشِّرَ بِهِ الْمُتَّقِينَ وَتُنذِرَ بِهِ قَوْمًا لُّدًّا** ۞<br>သို့ဖြင့် **၎င်း**ကို သင်၏ ဘာသာစကားဖြင့် လွယ်ကူစေ၏။ ၎င်းဖြင့် စည်းစောင့်သူတို့အား သတင်းကောင်းပေးရန်၊ ရန်လိုသူတို့အား သတိပေးရန် ဖြစ်စေ၏။ |
| ၉၈။ | **وَكَمْ أَهْلَكْنَا قَبْلَهُم مِّن قَرْنٍ هَلْ تُحِسُّ مِنْهُم مِّنْ أَحَدٍ أَوْ تَسْمَعُ لَهُمْ رِكْزًا** ۞<br>ငါသည် သူတို့ မတိုင်မီ မျိုးဆက်မည်မျှကို တိမ်ကောစေခဲ့သနည်း၊ သင်သည် သူတို့မှ တစ်စုံတစ်ယောက်ကို မြင်ရသလော၊ သို့မဟုတ် သူတို့၏ အသံတစ်ခုကို ကြားရနိုင်သလော။ |